**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ( ၄၂ / ၂၀၁၆ )**

**၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက် )**

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ)အရ အောက်ပါစည်းကမ်းများကို အများပြည်သူတို့သိရှိလိုက်နာစေရန် ထုတ်ပြန်ကြေညာလိုက်သည်-

**နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ရ)နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) တို့အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ**

၁။ ဤစည်းကမ်းများတွင် -

(က) **ကော်မတီ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကိုဆိုသည်။

(ဂ) **ဌာန** ဆိုသည်မှာ ကော်မတီ၏ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနကို ဆိုသည်။

(ဃ) **ဌာနမှူး** ဆိုသည်မှာဝန်ထမ်းဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့်ကော်မတီ၏ လက်အောက်ရှိ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသော ဌာနတာဝန်ခံ ကိုဆိုသည်။

(င) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး** ဆိုသည်မှာ ကော်မတီ၏ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(စ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ကော်မတီ၏ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ဆ) **အိမ်မွေးတိရစ္ဆာန်**ဆိုသည်မှာ ခွေးနှင့်ကြောင်ကိုဆိုသည်။

၂။ အိမ်မွေးတိရစ္ဆာန်မွေးမြူလိုသူများသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှတဆင့်ဌာနသို့ သတ်မှတ်လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ လျှောက်ထားရမည်။

Analysed Bye Laws 132

၃။ ဌာနမှ အိမ်မွေးတိရစ္ဆာန်မွေးမြူခွင့်လျှောက်လွှာရရှိပါက စိစစ်ပြီး အိမ်မွေးတိရစ္ဆာန်မွေးမြူလိုသည့် ပုဂ္ဂိုလ်၏ နေအိမ်ရှိ အိမ်မွေးတိရစ္ဆာန်ကို စစ်ဆေးကြည့်ရှု၍ အိမ်မွေးတိရစ္ဆာန်မွေးမြူခွင့်ကဒ်ပြားအတွက် (၅၀ဝိ/-) နှင့် လည်ပတ်အတွက် (၁၅၀ဝိ/-)ကောက်ခံ၍ထုတ်ပေးပါမည်။

၄။ ကော်မတီသည် အပိုဒ် (၃)ပါ နှုန်းထားများအား သင့်လျော်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၅။ အိမ်မွေးတိရစ္ဆာန်များအားသတ်မှတ်ထားသည့်ကာလများတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ သံချဆေး ထိုးနှံခြင်းများအား အိမ်မွေးတိရစ္ဆာန်မွေးမြူသည့် ပုဂ္ဂိုလ်မှမိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၆။ အိမ်မွေးတိရစ္ဆာန်မွေးမြူသည့်ပုဂ္ဂိုလ်သည် မိမိမွေးမြူထားသည့် တိရစ္ဆာန်အတွက်တာဝန်ယူရမည်။ ပတ်ဝန်းကျင်အား ကျန်းမာရေးထိခိုက်ခြင်းမရှိစေရေး၊ တိရစ္ဆာန်မစင်၊ ဆီးများကြောင့် ပတ်ဝန်းကျင်အား ထိခိုက်မှု မရှိစေရန် တာဝန်ယူရမည်။

၇။ အိမ်မွေးတိရစ္ဆာန်အားခြံဝင်းရှိသော နေရာများတွင် လှောင်အိမ်များဖြင့် မွေးမြူနိုင်သည်။ စုပေါင်းနေ ထိုင်သော နေအိမ်တိုက်ခန်းများတွင် မွေးမြူခြင်းမပြုရ။

၈။ အိမ်မွေးတိရစ္ဆာန်(ခွေး)များနှင့်ပြင်ပသို့သွားလာမည်ဆိုပါက လည်ပတ်ကြိုးချည်နှောင်၍ သွားလာ ရမည်။

၉။ အိမ်မွေးတိရစ္ဆာန်မွေးမြူသည့် ပုဂ္ဂိုလ် (ပိုင်ရှင်)သည် မွေးမြူသည့်တိရစ္ဆာန်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုအတွက် ကျခံပေးလျော်ရန်တာဝန်ရှိသည်။

၁၀။ ဤစည်းကမ်းများအပြင် ကော်မတီမှ အခါအားလျော်စွာထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

**တားမြစ်ချက်နှင့် အရေးယူခြင်း**

၁၁။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊ ထားရှိခြင်းမပြုရ။

၁၂။ မည်သူမဆို ဤစည်းကမ်းများပါ ပြဋ္ဌာန်းချက် တစ်ခုခုကို နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း ဖောက်ဖျက်ကျူးလွန်လျှင် ယင်းပြစ်မှုအတွက် ပထမအကြိမ်ကျူးလွန်သူအား ကော်မတီမှစီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်နိုင်သည်။

၁၃။ ဤအမိန့်ကြော်ငြာစာပါ စည်းကမ်းများအား လိုက်နာရန်ပျက်ကွက်ပါက နေပြည်တော်စည်ပင် သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၁၄။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယခင်ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် စည်းကမ်းများသည် ဤစည်းကမ်းများနှင့် ဆန့်ကျင် ကွဲလွဲမှု မရှိသရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

(ပုံ) သိန်းညွန့်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Analysed Bye Laws 133

စာအမှတ်၊ ၁၉၃၀ /၂-၃/ နပတ(ကော်မတီ)

ရက်စွဲ ၊၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နေပြည်တော်ကောင်စီ

ဦးဆောင်ညွှန်ကြားရေးမှူး

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(ပြန်ကြားရေးဝန်ကြီးဌာန)

{ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ }

ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ (ဥတ္တရခရိုင်၊ ဒက္ခိဏခရိုင်)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ ( )

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ ( )

ကြော်ငြာသင်ပုန်း

မိတ္တူကို

ဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ( )

မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများအားလုံး

လက်ခံစာတွဲ

မျှောစာတွဲ

အမိန့်အရ

( စိုးရန်နိုင်၊ တွဲဖက်အတွင်းရေးမှူး )

Analysed Bye Laws 134